#eaos_mms75
18/9/2021

# AA အပစ်ရပ်ခြင်း
( စ/ဆုံး)

## ၁။ အပစ်ရပ်ခြင်းနှင့် ကတိကဝတ်

၂၀၂၁ ခုနှစ် စက်တင်ဘာ ၅ ရက်နေ့က ဥပဒေအထောက်အကူပြုကွန်ယက်( Legal Aid Network ) က အငြင်းပွါးဘွယ်ရာ သုံးသပ်ချက်တစောင် ထုတ်ပြန်လာသည်ကိုတွေ့ရသည်။ ဤသဘောထားထွက်လာသည်မှာ AA အနေနှင့် အစိုးရနှင့်အပစ်ရပ်ထားသည့်နောက်ကွယ်တွင် သဘောတူညီချက်စာချုပ်တခုရှိရမည်ဟူသော စွပ်စွဲချက်မှအစပြုသည်ဟုဆိုရမည်။ ထိုစွပ်စွဲချက်အား AA တာဝန်ရှိသူမှ ယာယီအပစ်ရပ်ထားသည်သာဖြစ်ပြီး မည်သည့်စာချုပ်မှမရှိကြောင်း ငြင်းဆိုပြီးသည့်နောက် အငြင်းပွါးဘွယ်ရာသုံးသပ်ချက်ထွက်လာခြင်းဖြစ်သည်။ ပြောရလျှင် စာချုပ်တခုရှိရမည်ဟုစွပ်စွဲခဲ့ပြီး မရှိပါဟုဆိုသောအခါ ရှိရမည်ဟုဆိုလာပြန်သည်။

တကယ်တော့ ဤသုံးသပ်ချက်သည် လက်ရှိမြန်မာပြည်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့နှင့် အစိုးရ သို့မဟုတ် တပ်မတော်ကြား အပစ်အခတ်ရပ်စဲကြသည့် ပကတိအခြေအနေများနှင့်ကိုက်ညီမှုမရှိပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရကြား အပစ်ရပ်မှုများသည် ၁၉၈၉ ခုနှစ်နောက်ပိုင်းမှ စတင်ပြီး ယနေ့အချိန်ထိ ရှိခဲ့သည်။ မတူသည့်ပုံစံအမျိုးမျိုးနှင့်အပစ်ရပ်ခဲ့ကြသည်။ အပစ်ရပ်ပြီးမှပြန်လည်တိုက်ခိုက်သည်လည်း ရှိသည်။ NCA လက်မှတ်ရေးထိုးပြီး အပစ်အခတ်မရှိတော့သည်လည်းရှိသည်။ အပစ်ရပ်လိုက်ပြန်တိုက်လိုက်ဖြစ်နေသည်လည်းရှိသည်။ သို့ရာတွင် မည်သည့်အပစ်ရပ်မှုမျိုးတွင်မဆို နိုင်ငံရေးသဘောတူညီချက်ပါလေ့မရှိပါ။ နိုင်ငံရေးသဘောတူညီချက်တရပ်ရပ်ကိုထည့်သွင်းပြီး အပစ်ရပ်ရန်ကြိုးစားပါက အောင်မြင်လေ့မရှိပါ။ အဘယ်ကြောင့်ဆိုသော် တပ်မတော်ဖက်မှဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖက်မှဖြစ်စေ နိုင်ငံရေး

သဘောတူညီချက်တခုခု ထည့်သွင်းပါက သဘောတူညီချက်ရယူရန်ခက်ခဲပြီး အပစ်ရပ်နိုင်သည့်အဆင့်သို့ ရောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မြန်မာပြည်တွင်းရှိ အပစ်ရပ်ကြသည့်အဖွဲ့တိုင်းသည် နှုတ်ကတိဖြင့် အပစ်ရပ်သည်ဖြစ်စေ biletral လက်မှတ်ရေးထိုးအပစ်ရပ်သည်ဖြစ်စေ အများစုမှာ မည်သည့် နိုင်ငံရေးသဘောတူညီချက်မှ ပါလေ့မရှိပါ။ နိုင်ငံရေးသဘောတူညီချက်များအား အပစ်ရပ်ပြီးမှ ဆွေးနွေးဖြေရှင်းသွားရန် သဘောတူလေ့ရှိကြသည်။ အကယ်၍ရှားရှားပါးပါး ပါသည်ဆိုပါကလည်း ယေဘူယျမျှသာဖြစ်သည်။ ဤသည်မှာ မြန်မာပြည်တွင်းရှိလက်တွေ့ အခြေအနေဖြစ်သည်။ ဤသည်မှာ တိုင်းရင်းသားအဖွဲ့တဖွဲ့ အပစ်ရပ်သည့် အခြေအနေမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အားလုံး အပစ်ရပ်သည့် အခြေအနေ ဖြစ် သည်။ နိုင်ငံရေးသဘောတူညီချက်တခုရမှ အပစ်ရပ်မည်ဆိုလျှင် မြန်မာပြည်တွင် မည်သည့်အပစ်အခတ်ရပ်စဲရေးမှ ဖြစ်လာမည်မဟုတ်ပေ။ ယနေ့ EAO များနှင့် တပ်မတော်ကြား အပစ်ရပ်ရေးသည် ၁၉၈၁ ခုနှစ် မဆလအစိုးရနှင့် ဗမာပြည်ကွန်မြူနစ်ပါတီဆွေးနွေးစဥ်က ကွန်မြူနစ်ပါတီရပ်ခံခဲ့သော အဖွဲ့အစည်းတည်ရှိခွင့်၊ တပ်တည်ရှိခွင့်၊ အခြေခံဒေသတည်ရှိခွင့် ဆိုသည့် မူ ၃ ချက်အား အစိုးရ/တပ်မတော်ဖက်က အသိမှတ်ပြုသည့်အခြေခံပေါ်တွင် အပစ်အခတ်ရပ်စဲနေကြခြင်း ဖြစ်သည်။

ထို့ပြင် အပစ်အခတ်ရပ်စဲခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲသို့သွားရန်ဖြစ်သည်။ ဆွေးနွေးပွဲအောင်မြင်သည်ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ နိုင်ငံရေးဆွေးနွေးပွဲတခုမစတင်မီ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားရန် လိုအပ်သည်။ သို့မှသာ ပွင့်လင်းလွတ်လပ်သည့် နိုင်ငံရေးဆွေးနွေးပွဲတခု ဖြစ်ပေလိမ့်မည်။ အပစ်မရပ်မီ တိုင်းရင်းသားလက်နက်ကိုင်ဖွဲ့ဖက်မှဖြစ်စေ၊ တပ်မတော်ဖက်မှဖြစ်စေ ကြိုတင်၍ နိုင်ငံရေးသဘောတူညီချက်ရယူရေးဆိုသည်မှာ နိုင်ငံရေးဆွေးနွေးပွဲ မစမီ ကြိုတင်စည်းကမ်းသတ်မှတ်သကဲ့သို့ ဖြစ်ပေရာ ပွင့်လင်းလွတ်လပ်သည့် နိုင်ငံရေးဆွေးနွေးပွဲတခု၊ အောင်မြင်သည့် နိုင်ငံရေးဆွေးနွေးပွဲတခု ဖြစ်မလာနိုင်တော့ပေ။ ကြိုတင်စည်းကမ်းချက်သတ်မှတ်ထားခြင်းသည်ပင်လျှင် နိုင်ငံရေးဆွေးနွေးပွဲအား ကန့်သတ်

ဖျက်ဆီးရာရောက်ပေသည်။

လက်တွေ့တွင် ဤသို့အပစ်ရပ်ခြင်းနှင့်ပတ်သက်၍ အနီးကပ်ဆုံး ဥပမာတခုပြရမည်ဆိုလျှင် တပ်မတော်နှင့် KIA ကြား အပစ်ရပ်ထားခြင်း ဖြစ် သည်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်း တိုက်ပွဲများဖြစ်ပွါးပြီးနောက် KIA နှင့် တပ်မတော်ကြား တိုက်ပွဲများရပ်တန့်သွားသည်။ အဓိက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပြုလုပ်ရန် ကြားဝင်ညှိနှိုင်းမှုများအရ နားလည်မှု နှုတ်ကတိ ဖြင့် အပစ်ရပ်ကြခြင်းဖြစ်သည်။ KIA နှင့်တပ်မတော်ကြား အပစ်ရပ်ချိန် သည် ယခု ၂၀၂၁ ခုနှစ် မတ်လ တိုက်ပွဲများပြန်ဖြစ်ချိန်ထိဆိုလျှင် ၃ နှစ် နီးပါးကြာမြင့်ခဲ့သည်။ ထိုသို့အပစ်ရပ်ခဲ့ခြင်းအတွက် တပ်မတော်နှင့် KIA ကြား မည်သည့် နိုင်ငံရေးသဘောတူစာချုပ်မှုမရှိခဲ့သကဲ့သို့ ၂၀၁၉ ခုနှစ် အတွင်း ၆ ကြိမ်တွေ့ဆုံဆွေးနွေးရာတွင်လည်း မည်သည့်သဘောတူညီ ချက်မှ မရှိခဲ့ပါ။ သို့သော် ၃ နှစ် နီးပါးအပစ်ရပ်နေခဲ့ပါသည်။ဤသို့အပစ် ရပ်ကြသည်မှာ သဘာဝမကျဟုဆိုကောင်းဆိုနိုင်မည်ဖြစ်သော်လည်း ဤ အခြေအနေသည် မြန်မာပြည်စစ်ပွဲတွင် ပုံမှန်ဖြစ်နေကျကိစ္စတခုသာဖြစ် ပါသည်။ ဤသို့အပစ်ရပ်ကြခြင်းသည် နှစ်ဖက်လုံးက မိမိအကျိုးရှိသည့် အခြေအနေတရပ် ဖန်တီးရန်ရည်ရွယ်ပြီး အပစ်ရပ်ကြခြင်းဖြစ်သည်။ နှစ် ဖက်လုံးက ထောက်ထားတွက်ဆစရာများကိုကြည့်၍ အပစ်ရပ်ကြခြင်း ဖြစ်သည်။ ပြီးလျှင် နှစ်ဖက်လုံးက အပစ်ရပ်လိုသည့် အခြေအနေအောက် တွင်သာ အပစ်ရပ်နိုင်ခြင်းဖြစ်ပြီး တဖက်တည်းက အပစ်ရပ်ချင်ရုံနှင့် အ ပစ်အခတ်ရပ်စဲရေး ဖြစ်မလာပါ။

ထို့ပြင် AA အပစ်ရပ်သည်မှာ ၂၀၂၀ နိုဝင်ဘာ လဆန်းဖြစ်ရာ ထိုစဉ်က NLD အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် အခွင့် လမ်း ကောင်းဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၁ ဖေဖဝါရီ ၁ ရက်နေ့မတိုင်မီ မြန်မာပြည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ယှဉ်တွဲသုံးသပ်လျှင် အခြားအဖွဲ့ များကဲ့သို့ မှန်တန်းကျသည့်အခြေအနေသာဖြစ်သည်။ NLD အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေးလမ်းစဉ်အကောင်အထည်ဖော်ရန် အခွင့် ကောင်းလည်းဖြစ်သည်။ ထိုအခြေအနေနှင့် ၂၀၂၁ ဖေဖဝါရီ ၁ ရက်နေ့ နောက်ပိုင်းအခြေအနေနှင့်ရောထွေးမသုံးသပ်ရန်လိုပါသည်။

သို့ဖြစ်ရာ AA ဖြစ်စေ တိုင်းရင်းသားလက်နက်ကိုင်တဖွဲ့ဖြစ်စေ အပစ်ရပ်ရာတွင် သဘောတူညီချက်တခုရှိသင့်သည်ဆိုသည်အချက်မှာ လက်တွေ့မကျပါ။ လက်တွေ့မကျသည့်အပြင် နိုင်ငံရေးဆွေးနွေးပွဲသို့တက်လှမ်းရာတွင် အကန့်အသတ် ဖြစ်စေပါသည်။ ထို့ပြင် ရှည်ကြာသော စစ်ပွဲများအတွင်း နှစ်ဖက်စစ်ပွဲကိုဦးစီးနေကြသူများသည် မိမိအတွက် အကျိုးရှိမည့် မည်သည့်ပရိယာယ်၊ နည်းလမ်းမဆိုသုံးရန် တွန့်ဆုတ်ခြင်းမရှိကြသည်ကိုလည်း သတိပြုရန်လိုအပ်ပါသည်။

၂။ သဘောတူညီချက်များ ပျက်ပြားခြင်း

Legal Aid network ၏ ရေးသားဖေါ်ပြချက်တွင် နှုတ်ဖြင့်ပြုလုပ်သည့် ကတိကဝတ်များသည် ပျက်ပြားလွယ်သည်။ နှုတ်ကတိသည် အစိုးရ/တပ်မတော်က အလိုမကျသောအခါ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများအတွက် မည်သို့မျှ အကာအကွယ်မပေးခဲ့။ တိုင်းရင်းသားအဖွဲ့အစည်းတခုမှာ လက်နက်ဖြုတ်သိမ်းခံခဲ့ရသည်ဟု ဖေါ်ပြသည်။ သို့သော် UWSP နှင့်တပ်မတော်ကြား နှုတ်ကတိနှင့်ပတ်သက်၍ နှုတ်ကတိအောက်တွင်စတင်ရရှိထားခဲ့သောနှစ်ဖက်သဘောတူညီချက်သည် ကြောက်စရာကောင်းအောင်ခိုင်မာခဲ့သည်ဟုဖေါ်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ထိုအချက်ကိုသုံးသပ်ရလျှင် ဤသို့သောအခြေအနေကို တိုင်းရင်းသားအဖွဲ့တိုင်းသိကြသည်။ တကယ်တော့ ဤသို့ဖြစ်ခြင်းသည် နှုတ်ကတိကြောင့်မဟုတ်ပေ။ နှုတ်ကတိကြောင့် ဖြစ်ပျက်နေခြင်းမဟုတ်ပေ။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၏ အင်အားပေါ်အခြေပြုပြီး ဖြစ်ပျက်နေခြင်းသာဖြစ်သည်။ ဤသည်ပင်လျှင် မြေပြင်တွင်တည်ရှိနေသည့် အင်အားပေါ်အခြေပြုသည့် မြန်မာနိုင်ငံရေး၏ ပကတိအကြောင်းအချက်ပင်ဖြစ်တော့သည်။ နှုတ်ကတိကြောင့်ထင်နေခြင်းက မှားယွင်းပေလိမ့်မည်။

ထို့ပြင် legal aid network ကသုံးသပ်ရာတွင် ၁၉၉၄ ခုနှစ် အစိုးရနှင့် KIO စာချုပ်ပျက်ပြယ်သွားခြင်းသည် စာချုပ်တွင်ရှိသင့်သော အင်္ဂါရပ်

များ မပြည့်စုံ၍ဟုဆိုထားသည်ကိုတွေ့ကသည်။ legal aid network, က ဖေါ်ပြသည့် စာချုပ်ချုံးဖေါက်ပါက အရေးယူခွင့်ရှိစေမည့်အချက်၊ တတိယအင်အားစု ဖန်တီးခြင်း၊ လူအခွင့်အရေးဆိုင်ရာသဘောတူညီချက်စသည်တို့မပါဝင်ခြင်း၊ စာချုပ်ကိုကိုင်၍ဖြေရှင်းပေးမည့် ယန္တယား တိတိကျမရှိ၍ ဖြေရှင်းနိုင်ခြင်းမရှိဟုဆိုထားသည်။ ပြောရလျှင် ဥပဒေရှုဒေါင့်က သုံးသပ်ထားသည်။ တကယ်တမ်းမြေပြင်တွင် ပြီးပြည့်စုံသော စာချုပ်တရပ် ချုပ်ဆိုရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော စိတ်ကူးစံတခုသာဖြစ်ပြီးလက်တွေ့မကျပေ။ ထို့ပြင် တိုင်းပြည်၏အမြင့်ဆုံးအခြေခံဥပဒေပင်လျှင်နှစ်ကြိမ်တိုင် ဖျက်သိမ်းခြင်းခံရသောတိုင်းပြည်တပြည်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တခုက ပြီးပြည့်စုံသောစာချုပ်တခုဖန်တီးနိုင်လျှင် မဖျက်သိမ်းနိုင်ဟု ယူဆနေခြင်းသည် လွန်စွာရိုမန်းတစ်ဆန်လှပေစွဆိုရမည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဥပဒေ

AA အနေနှင့် တပ်မတော်နှင့်အပစ်ရပ်ရာတွင် သဘောတူစာချုပ်တရပ်လိုအပ်သည်ဟုဆိုနေသော Legal Aid Network က အထူးရည်ညွှန်းနေသည်မှာ ဥပဒေကြောင်းအရရှုမြင်သုံးသပ်ချက်ပေါ်အခြေခံလာသည်ကိုတွေ့ရသည်။ တကယ်တော့ AA အပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဆိုသည်မှာ ဥပဒေပအဖွဲ့အစည်းများဖြစ်သည်။ တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သည့် တည်ဆဲအခြေခံဥပဒေဘောင်အတွင်းကဖြေရှင်း၍မရ၍ ထိုအခြေခံဥပဒေကိုလက်မခံဘဲ တော်လှန်ပုန်ကန်နေကြသူများဖြစ်သည်။ ထို့ကြောင့် ဥပဒေအရဘောင်မဝင်ပေ။ တိုင်းရင်းသားလက်နက်ကိုင်များသည် သူတို့၏ လိုလားချက်များကို မည်သည့်တရားရုံး၊ မည်သည့်ဥပဒေ၊ မည်သည့်ရှေ့နေနှင့်မှ ဖြေရှင်းနိုင်ခြင်းမရှိသည့် အခြေအနေအောက်တွင် လက်နက်ကိုင်ပုန်ကန်တိုက်ခိုက်နေခြင်းဖြစ်သည်။ ပြောရလျှင်တည်ဆဲဥပဒေများနှင့် ဖြေရှင်းမရတော့၍ နိုင်ငံရေးအရ ဖြေရှင်းနေခြင်းဖြစ်သည်။ တိုင်းရင်းသားပြသနာသည် မြန်မာပြည်တွင်းဥပဒေများသာမက နိုင်ငံတကာတရားရုံးများတွင်လည်း သွားရောက်ဖြေရှင်းမရသည့်နိုင်ငံရေးပြသနာဖြစ်သည်။ စစ်ပွဲဆိုသည်မှာ နိုင်ငံရေး၏အဆက်ဖြစ်

သည်။ ထို့အတူ စစ်ပွဲခေတ္တရပ်ပြီး ဆွေးနွေးရန်ပြင်ဆင်ခြင်း၊ ဆွေးနွေးခြင်းမှာလည်း နိုင်ငံရေးအရ ဖြေရှင်းရန်ကြိုးပမ်းခြင်းဖြစ်သည်။ ဥပဒေကြောင်းအရ ဖြေရှင်းရန်ကြိုးပမ်းခြင်း မဟုတ်ပေ။

Legal aid network က AA အနေနှင့် သဘောတူညီချက်ယူသင့်သည်ဆိုခြင်းနှင့်ပတ်သက်ပြီး အထူးညွှန်းဆိုနေသည်မှာ ၂၀၁၇ ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းက ရခိုင်ပြည်နယ်တွင်ဖြစ်ပွါးခဲ့သော အဖြစ်အပျက်နှင့်ပတ်သက်၍ နိုင်ငံတကာတရားရုံးက အရေးယူဆုံးဖြတ်ထားချက်များကို လိုက်နာထိမ်းသိမ်းစောင့်ရှောက်ရန် ဦးတည်သည်ကိုတွေ့ရသည်။ နှုတ်ကတိဖြင့်အပစ်ရပ်ခြင်းသည် နိုင်ငံတကာအဆင့် ပြစ်မှုများဖြင့် စွပ်စွဲခံထားရသော တပ်မတော်ခေါင်းဆောင်များကို အားပေးအားမြှောက်ပြုရာ ရောက်သည့် အနေအထားသို့ ရောက်မည်စိုး၍ဟုအကြောင်းပြထားသည်ကို တွေ့ရသည်။ ထို့ပြင် Legal Aid network မှ အဓိကလိုလားသည်မှာ အပစ်ရပ်စဉ်ကာလ၌ ICJ တရားရုံး မှချမှတ်ထားသော အမိန့်အား လိုက်နာမည်ဆိုသည့်အချက် သဘောတူညီချက်အဖြစ် ထည့်သွင်းစေလိုသည်က အဓိကဖြစ်သည်ကိုတွေ့ရသည်။

တကယ်တော့ မြန်မာပြည်တွင် ICJ ရောက်နေသည့် ပြဿနာတခုတည်းဖြစ်နေသည့်မဟုတ်ပေ။ ပြည်တွင်းစစ် စကထဲက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့ တွင် အလားတူပြဿနာများ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည်သာဖြစ်သည်။ ယခုတိုင်လည်း ပြည်တွင်း၌ရော ထိုင်းနိုင်ငံတွင်ပါ ဒုက္ခသည် တသန်းခန့်ရှိနေသည်။ သို့သော် ထိုပြဿနာများသည် ICC/ICJ တို့မရောက်သကဲ့သို့ ထိုတရားရုံးတို့မှ မည်သည့်ဆုံးဖြတ်ချက်မှလည်း မရှိပါ။ ထိုသို့ မရှိ၍ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူရာတွင် ထိုအချက်များကို ထည့်သွင်းစဉ်းစားစရာမလို ICJ လို တရားရုံးဆုံးဖြတ်ချက်ရှိပါမှ ထည့်သွင်းစဉ်းစားသင့်ဟုယူဆပါက အလွဲကြီးလွဲမည်ဖြစ်သည်။

တကယ်တော့ လက်နက်ကိုင်တိုက်ခိုက်ခြင်း သို့မဟုတ် အပစ်ခတ်ရပ်စဲရေး၊ ဆွေးနွေးညှိနိုင်းရေး(လမ်းစဉ်အမှားအမှန် အငြင်းပွါးနိုင်သော်လည်း)

ဆိုသည်က နိုင်ငံရေးအရအရ ပြဿနာဖြေရှင်းခြင်းဖြစ်သည်။ တာဝန်ရှိသူကို ဥပဒေအရ အရေးယူခြင်းဆို သည်က နိုင်ငံရေးအရဖြေရှင်းခြင်း၏ အစိတ်အပိုင်းတပိုင်းသာဖြစ်သည်။လက်အောက်ခံပြဿနာသာဖြစ်သည်။ တစိတ်တပိုင်းပြဿနာသာဖြစ်သည့် ဥပဒေရေးကို ရှေ့တန်းတင်ပါက တခုလုံးနှင့်ဆိုင်သည့် နိုင်ငံရေးပြဿနာကို မဖြေရှင်းနိုင်ပေ။ ထို့အတူ တိုင်းရင်းသားလက်နက်ကိုင်ပြဿနာသည် နိုင်ငံရေးပြဿနာဖြစ်ရာ နိုင်ငံရေးရှုဒေါင့်မှ ကြည့်မြင်သုံးသပ်ဖြေရှင်းရန်လိုသည်။ ဥပဒေရှုဒေါင့်မှ ကြည့်မြင်ချဉ်းကပ် ဖြေရှင်း၍မရနိုင်ပေ။

၄။ AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ တပ်မတော်နှင့်တိုက်ခိုက်သည်ဖြစ်စေ သို့မဟုတ် အပစ်ရပ်ဆွေးနွေးသည်ဖြစ်စေ တခုလုံးဆိုင်ရာ နိုင်ငံရေးအမြင်ရပ်တည်ချက်ပေါ်ကသာ ရပ်ခံရန်လိုအပ်သည်။ နိုင်ငံရေးအရ ပြဿနာဖြေရှင်းရေးအား ဦးတည်ရန်လိုအပ်သည်။ တခုချင်းဆိုင်ရာ ဥပဒေဆိုင်ရာ လက်အောက်ခံ ပြဿနာများကို ဦးစားပေးနေ၍မရပေ။ ဤသို့ဆို၍ ဥပဒေဆိုင်ရာပြဿနာများကို ဘေးဖယ်ထားရန်ဆိုနေခြင်းမဟုတ်ပေ။ AA အပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနှင့် မိမိနိုင်ငံရေးဦးတည်ချက် ရည်မှန်းချက်ကို ဦးတည်ဖြေရှင်းမှသာ ပြဿနာကို အရင်းအမြစ်က ဖြေရှင်းနိုင်မည်ဟုဆိုလိုရင်းဖြစ်သည်။

AA ၏ လက်ရှိနိုင်ငံရေးလမ်းကြောင်းမှာ ရခိုင်ပြည်နယ်အား ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးဖြစ်သည်။ ထိုလမ်းကြောင်းအား အကောင်အထည်ဖော်ရာတွင် တပါတည်းလုပ်ဆောင်ရန်လိုအပ်သည်မှာ ရခိုင်ပြည်နယ်တွင်းရှိ မွတ်စလင်လူ့အသိုင်းအဝိုင်းနှင့်ပါ သင့်မြတ်သည့် လူ့အဖွဲ့အစည်းတရပ်ဖော်ဆောင်ရေးဖြစ်သည်။ သို့မှသာ ရခိုင်ပြည်နယ်တည်ငြိမ်မှု၊ အေးချမ်းသာယာမှုရရှိမည်ဖြစ်သည်။ သို့အတွက် AA လက်ရှိဆောင်ရွက်ရန် ပြင်ဆင်သည့် ခြေလှမ်းမှာ ဒေသအုပ်ချုပ်ရေးတွင် မွတ်စလင်အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များ ပါဝင်လာရေးဖြစ်သည်။ ရခိုင်ပြည်နယ်၏ အုပ်ချုပ်ရေးနှင့်ရဲလုပ်ငန်းတွင် မွတ်စလင်အများအပြား ပါဝင်လာစေရန်နှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲရေး၊ ဥပဒေနှင့်ပတ် သက်၍သင်တန်းပေးရေးတို့အား တဆင့်စီဆောင်ရွက်သွားမည်ဟု AA တာဝန်ရှိသူဆိုပါသည်။

လောလောဆယ် နစက၏ထိမ်းချုပ်မှုရှိနေချိန်တွင် AA အနေနှင့် လက်တွေ့ အပြည့်အဝ အကောင်အထည်ဖော်ရန် ဖြစ်ကောင်းမှဖြစ်ပါလိမ့်မည်။ သို့သော် ဤသဘောထားသည် ရခိုင်ပြည်နယ် ရခိုင်လူ့အဖွဲ့စည်းနှင့် မွတ်စလင်အသိုင်းအဝိုင်းကြား သင့်မြတ်အတူတကွနေထိုင်ရေး၊ ရခိုင်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ မွတ်စလင်ပြဿနာဖြေရှင်းရေးအတွက် အစပြုချက်ဖြစ်သည်။ ရခိုင်ပြည်နယ်မွတ်စလင်ပြဿနာကို ဖြေရှင်းရန် နိုင်ငံရေးအရဖြေရှင်းရန်ကြိုးပမ်းခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင်း လောလောဆယ်ရှိနေကြသည့် မွတ်စလင်များနှင့် ငြိမ်းချမ်းစွာအတူတကွ နေထိုင်သည့်အခြေအနေပေါ်ပေါက်လာပါက ဒုက္ခသည်ပြဿနာကိုလည်း တဆင့်တက် ဖြေရှင်းနိုင်ပေလိမ့်မည်။

ထို့ကြောင့်လည်း နိုင်ငံရေးပြဿနာကို အလေးထားဖြေရှင်းရန်လိုသည်ဟု ပြောရခြင်းဖြစ်သည်။ ICJ တွင် တာဝန်ရှိသူများအရေးယူရေးဆိုသည်မှာ ဥပဒေကြောင်းအရ ကြည့်မြင်ဖြေရှင်းခြင်းဖြစ်သည်။ ထိုသို့ အရေးယူရုံမျှနှင့် ရခိုင်ပြည်နယ်ရှိမွတ်စလင်ပြဿနာကို မဖြေရှင်းနိုင်ပေ။ ဤသို့ဆိုခြင်းမှာ အရေးယူမှုမလိုအပ်ဟုဆိုလိုခြင်းမဟုတ်ပါ။ ရခိုင်ပြည်နယ်ရှိ မွတ်စလင်ပြဿနာဖြေရှင်းရေး၏ သော့ချက်ပြဿနာမဟုတ်ဟုဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံရေးရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနေနှင့် နိုင်ငံရေးအရပြဿနာဖြေရှင်းရေး၊ သော့ချက်ပြဿနာဖြေရှင်းရေးကို ဦးတည်ရန်လိုသည်ဟုဆိုရခြင်းဖြစ်သည်။

၅။ AA ၏ လက်ရှိအခြေအနေ

AA အနေနှင့် ၂၀၂၀ နိုဝင်ဘာလဆန်း အပစ်ရပ်ပြီးနောက် ၂၀၂၁ မှစ၍ ၎င်းတို့ထိမ်းချုပ်နိုင်သည့်၊ လက်လှမ်းမှီသည့်ဒေသများတွင် ဒေသအုပ်ချုပ်ရေးလုပ်ငန်းများလုပ်ဆောင်လာခဲ့သည်။ နိုင်ငံရေးအရဆိုလျှင် လူထုအား စနစ်တကျစည်းရုံးစုဖွဲ့ရန်လုပ်ဆောင်ခြင်းဖြစ်သည်။ ထို အုပ်ချုပ်ရေးလုပ်ငန်းလုပ်ဆောင်ရာတွင် တရားစီရင်ရေး အခွန်ကောက်ရေးစသည်တို့လည်း ပါဝင်လာခဲ့သည်။ ဤသို့ AA အနေနှင့် အုပ်ချုပ်ရေးလုပ်

င်နံးများဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ legal aid network က AA သည် စစ်ကောင်စီနှင့်ညီနှိုင်း၍ ကွန်ဖက်ဒရိတ်အဆင့်မျိုးကို စတင်ကျင့်သုံးနေပြီမှာ ကိုးလနီးပါးရှိပြီဟု စွပ်စွဲထားသည်ကို တွေ့ရသည်။

Legal Aid Network အနေနှင့် AA ၏ နိုင်ငံရေးရည်မှန်းချက်၊ ကြွေးကြော်သံနှင့် လက်တွေ့ပကတိအခြေအနေကို မှားယွင်းသုံးသပ်နေသည်ဟု ဆိုရမည်။ လက်ရှိ ရခိုင်ပြည်နယ်ရှိ မြို့များအားလုံးနှင့် ဆက်သွယ်ရေး လမ်းကြောင်းများအား တပ်မတော်က ထိမ်းချုပ်ထားသည်။ AA က ပြောက်ကျားစနစ်ဖြင့် ထိုးဖေါက်နေခြင်းဖြစ်သည်။ ၂၀၁၉/၂၀၂၀ အတွင်း ပြင်းထန်သော တိုက်ပွဲများဖြစ်ပွါးပြီးနောက် သူ၏အခြေခံဒေသကို ယခုမှ တည်ဆောက်နေခြင်းဖြစ်သည်။ သူ၏ အခြေခံဒေသများဆိုသည်မှာ ဝ / မိုင်းလားဒေသများကဲ့သို့ လုံးဝလွတ်မြောက်အောင်ထိမ်းချုပ်နိုင်သည့် ဒေသများမဟုတ်ပါ။ တကယ်တော့ AA သည် သူ၏ အခြေခံဒေသတည် ဆောက်ရေးကို ယခုမှလုပ်နိုင်ခြင်းဖြစ်သည်။ တနှစ်ပင် မပြည့်သေးပေ။ ဤသို့ လက်နက်ကိုင် အဖွဲ့အစည်းတခုက အခြေခံဒေသတည်ဆောက်ခြင်း သည် ကွန်ဖက်ဒရိတ်အဆင့်နှင့် ကွဲပြားပါသည်။

ဝ နှင့်မိုင်းလားကဲ့သို့ မိမိနယ်မြေအား အပြည့်အဝထိမ်းချုပ်နိုင်ခြင်း မရှိသေးသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တိုင်းသည် မိမိထိမ်းချုပ်နိုင်သည့်ဒေသ၊ ပြောက်ကျားဒေသ၊ လက်လှမ်းမှီသည့်မြို့ပြများသို့ပါ မိမိအာဏာစက်ဖြန့်ကျက်ကြသည်။ အခွန်ကောက်ခံရေး ၊ တရားစီရင်ရေးအား လုံးလုပ်ကြသည်။ NSMP/KNU/KNPP/RCSS/SSPP/TNLA/KIA/MNDAA စသည့် သဘာရင့်အဖွဲ့များသည် ဤသို့ အခွန်ကောက်ခံခြင်း နှင့် တရားစီရင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သော နှစ်ပေါင်းများစွာထဲက လုပ်လာသည်။ ရခိုင်ပြည်နယ် ကျောက်ဖြူတွင် အခွန်ကောက်သည်ဆို၍ အထူးအဆန်းမဟုတ်ပါ။ ကွန်ဖက်ဒရိတ်လည်း မဟုတ်သေးပါ။ မြစ်ကြီးနား၊ ဖါးကန့်၊ မူစယ်၊ နမ့်ခမ်း၊ သီပေါ၊ကျောက်မဲ၊ ကျိုင်းတုံ၊ တာချီလိတ် စသည့် အစိုးရ/တပ်မတော် အခြေစိုက်သည့် မြို့များတွင် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့များ အခွန်ကောက်နေသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ရိုးနေပြီဖြစ်သည်။ ထူးဆန်းသည့်အကြောင်းအရာမဟုတ်ပါ။ ရခိုင်တွင်

ယခုအစပြုခြင်းဖြစ်သကဲ့သို့ အားလုံးကလည်း အာရုံစိုက်နေ၍ အထူးအဆန်းသဘွယ်ဖြစ်နေခြင်းဖြစ်သည်။

မိမိထိမ်းချုပ်နိုင်သည့် လက်လှမ်းမှီသည့် ဒေသများတွင် ဤသို့ အခွန်ကောက်ခြင်း၊ တရားစီရင်ခြင်းတို့ပြုလုပ်ခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တိုင်းလုပ်သည့် အလုပ်ဖြစ်သည်။ တိုင်းရင်းသားအဖွဲ့များက သူလက်လှမ်းမှီသမျှ နယ်ပယ်များသို့ သူ၏အာဏာစက်ကို ဖြန့်ကျက်ပြီး သူ့ဩဇာအာဏာတည်ဆောက်ခြင်းဖြစ်သည်။ တိုင်းရင်းသားအဖွဲ့များ၏ အခြေခံဒေသတည်ဆောက်ခြင်းဖြစ်သည်။ ကျန်အဖွဲ့များဆိုလျှင် အထိုင်ကျနေပြီဖြစ်သည်။ AA အဖို့ ယခုနှစ်မှစတင်လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ပြောက်ကျားအခြေခံဒေသတည်ဆောက်သည်ဟု ခေါ်ဆိုသတ်မှတ်ရမည်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းအား ကွန်ဖက်ဒရိတ်ကျင့်သုံးသည် ယူဆအမှတ်မှားနေသည်ကတော့ အံ့ဩဘွယ်ဖြစ်သည်။ ကွန်ဖက်ဒရိတ်အဆင့်အတန်းဆိုသည်မှာ AA ၏ ရည်မှန်းချက်သာဖြစ်သည်။ လက်တွေ့ကျင့်သုံးနိုင်သည့် အခြေအနေမရှိသေးပါ။ AA သည်တပ်နှင့်ပေါင်း၍ ကွန်ဖက်ဒရိတ်အဆင့်အတန်းယူထားခြင်းမဟုတ်ပါ။ Legal Aid Network အနေနှင့် ဤသို့အလွဲလွဲအချော်ချော်စွပ်စွဲ ပစ်တင်နေခြင်းထက် မြန်မာပြည်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေပြင် အခြေအနေများစွာမှန်ကန်စွာကြည့်မြင်သုံးသပ်ရန်လိုအပ်ပါသည်။

၆။ ဝသပ ခေါ် UWSP နှင့်ပတ်သက်သည့်ပြသနာ

Legal Aid Network က AA အပစ်ရပ်ခြင်းနှင့်တွဲ၍ သုံးသပ်ထားသည့် ပြသနာတခုမှာ ဝသပ ဟု ရည်ညွှန်းသည့် UWSP/UWSA နှင့်ပတ်သက်သည့်အမြင်ဖြစ်သည်။ သူတို့၏သုံးသပ်ချက်မှာ UWSP သည် ၁၉၈၉ ခုနှစ် အပစ်ရပ်ပြီးနောက် ၎င်း၏အကျိုးစီးပွါးတခုတည်းကိုဆုပ်ကိုင်ပြီး တပ်မတော်နှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့သည်။ ပြည်တွင်းရှိ ဖိနှိပ်မှုများကို မျက်ကွယ်ပြုထားသည်ဟု ဆိုပါသည်။

ဤအချက်နှင့်ပတ်သက်၍ ချဉ်းကပ်ကြည့်မြင်ရန် ဦးစွာအားဖြင့်

၁၉၈၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီအား ဝ တို့အာဏာမသိမ်းမှီ ဖြစ်ပေါ် လာသော ဝ တိုင်းရင်းသားတို့၏ စိတ်ခံစားချက်နှင့် အခြေအနေကို ဦးစွာ သဘောပေါက်ရန်လိုပါသည်။ ပထမအချက်မှာ စစ်ပမ်းခြင်းဖြစ်သည်။ ဝ ဒေသတွင်း ကွန်မြူနစ်ပါတီအခြေချပြီး အနှစ် ၂၀ ခန့် စစ်ပွဲဖြစ်ပွါးချိန် အတွင်း ဝ တိုင်းရင်းသားများသည် စစ်ပွဲအတွင်း ပါဝင်ခဲ့ကြသည်။ စစ်ပွဲ ကာလကြာရှည်လာသောအခါ ဝ ဒေသရှိရွာတိုင်းတွင် ကျဆုံးသည့်ရဲဘော် အိမ်ထောင်မရှိသည့်ရွာမရှိတော့ ။ ထို့ပြင် ဒဏ်ရာရ ဒုက္ခိတဖြစ်သည့် ရဲ ဘော်များမရှိသည့်ရွာမရှိတော့။ ထို့ပြင် စစ်ပွဲကာလအတွင်း နှစ်စဉ် အောက်တိုဘာလမှဧပြီလအထိ ပွင့်လင်းရာသီတွင် ရွာတိုင်းမှ အရပ်သား များသည် ရှေ့တန်းသို့လိုက်၍ ရိက္ခာ၊ ကျည်ဆံပို့၊ လူနာသယ်ရန် သွားကြရ သည်။ စစ်ပွဲဖြစ်ပွါးရာအရပ်ရှိရွာများ ပျက်စီးကြရသည်။ ဤစစ်ပွဲဒဏ်ကို အနှစ် ၂၀ ခန့် ခံလာရသောအခါ စစ်ပမ်းလာပြီး ငြိမ်းချမ်းသော အခြေအ နေတရပ်ကို လိုလားလာကြသည်ကိုတွေ့လာရသည်။

ဒုတိယအချက်မှာကွန်မြူနစ်ပါတီသည် ဝ ဒေသလွတ်မြောက်ပြီးနောက် အထူးသဖြင့် ၁၉၇၅ နောက် ပြည်မဒေသသို့ ထိုးဖေါက်ရန်ပြင်ဆင်ပြီး တိုးချဲ့ရေးများပြုလုပ်ခဲ့သည်။ တပ်ဖွဲ့တွင် အဓိကပါဝင်သည်က ဝ ရဲဘော် များဖြစ်သည်။ ဝ နယ်မှ ထွက်ခွါ၍ ရှေ့တိုးချဲ့ရေးကာလ ရှည်ကြာလာ သည်နှင့်တပ်လည်းပင်ပမ်းလာသည်။ အကျအဆုံးလည်းရှိလာသည်။ ထို သို့သော အခြေအနေအောက် ဝ ရဲဘော်များကြားတွင် မေးခွန်းပေါ်လာ သည်။ ထိုမေးခွန်းမှာ " ငါတို့ ဗမာတွေအတွက် ဘာကြောင့်အသေခံတိုက် ဖို့လိုလဲ" ဟူသည့်မေးခွန်းဖြစ်သည်။ ဤမေးခွန်းသည် ခွဲထွက်လိုသည့် ဝ ခေါင်းဆောင်များက စည်းရုံးလှုံ့ဆော်သည့်စကားမဟုတ်ပါ။ ၁၉၈၁ ခုနှစ် ကွန်မြူနစ်ပါတီ၏ရှေ့တိုးချဲ့ရေးကာလ အကျအဆုံးများ၊ ဒုက္ခသုက္ခများ ကြုံရပြီးနောက် အသက် ၁၈/၁၉ နှစ်အရွယ် ဝ ရဲဘော်များတွင် ပေါ်လာ သည့် မေးခွန်းဖြစ်သည်။ ဤသို့ကြည့်မြင်လာခြင်းသည် သေနင်္ဂဗျူဟာ အမြင်ချို့တဲ့သည်ဟု အပစ်တင်၍ ရကောင်းပါသည်။ သို့သော် သူ့ဒေသ ၊ သူ့လူမျိုးအပေါ် အခြေခံစဉ်းစားသည်ကိုတော့ ပစ်ပယ်၍မရပေ။ ဝ တိုင်း ရင်းသားတို့၏ ပုန်ကန်မှုသည် ဤခံစားမှုများ စုပုံလာသည့် နောက်ပိုင်းမှ ဖြစ်လာခြင်းဖြစ်သည်။ထိုအကျိုးဆက်များဖြစ်ပေါ်သည့်နောက်ပိုင်း နှစ်

တချို့ကြာသောအခါ ဝ တိုင်းရင်းသားများ ခွဲထွက်ကြခြင်းဖြစ်သည်။

ဤအချက်မှတွေ့ရသည်မှာ သူတို့အနေနှင့်သူတို့ဒေသတွင် ငြိမ်းချမ်းစွာနေလိုသကဲ့သို့ သူတို့ဒေသအကျိုးစီးပွါးကိုသာ ရှေ့ရှုမည်ဟုခံယူသည်ကို တွေ့မြင်နိုင်သည်။ လက်တွေ့ကျသည့်အမြင်ဖြစ်သည်။ တိုင်းရင်းသားပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဆိုသည်မှာ မိမိတိုင်းရင်းသားလူမျိုးနှင့် ဒေသအား ကိုယ်စားပြုဖွဲ့စည်းထားကြခြင်းဖြစ်သည်။ တပြည်လုံးအားကိုယ်စားပြု ဖွဲ့စည်းထားခြင်းမဟုတ်ပေ။ တပြည်လုံးအား ကိုယ်စားပြုရန်သော်၎င်း၊ တပြည်လုံးအား ပြောင်းလဲအုပ်ချုပ်ရန်သော်၎င်း ဆန္ဒမရှိပေ။ ထို့ပြင် တပြည်လုံးနှင့် ပတ်သက်၍ တာဝန်ရှိသည်ဟုလည်း မခံယူပေ။ ပြည်ထောင်စုကြီးအတွက်အားလုံးမှာတာဝန်ရှိသည်။ ပြည်ထောင်စုကြီးအတွက်အားလုံးဝိုင်းဝန်းကြိုးပမ်းရမည်ဆိုသည့် "ပြည်ထောင်စု" အမြင် ဆိုသည်ကို သူတို့မယုံကြသည်ကို သတိပြုရန်လိုသည်။ တဖက်တွင်လည်း တိုင်းရင်းသားအဖွဲ့အစည်းဆိုသည်မှာ သူတို့တိုင်းရင်းသားလူမျိုးထောက်ခံမှုဖြင့်ရပ်တည်ကြခြင်းဖြစ်သည်။ ပြည်ထောင်စုကို ကိုယ်စားပြုသည့် ထောက်ခံမှုရကြသူများမဟုတ်ပေ။ ရပ်ခံချင်တောင်မှ ရပ်ခံရန် မဖြစ်နိုင်ပေ။

တဖက်က ကြည့်လျှင် ဤအမြင်သည် ကျဉ်းမြောင်းသည်ဟု စွပ်စွဲနိုင်သည်။ Legal Aid Network ကတော့ ဤသို့ကျင့်သုံးခြင်းသည် အစစ်အမှန် တရားဝင်သည့်အုပ်ချုပ်ရေးမရဟုဆိုသည်။ တပ်၏အခြားပြည်သူများအပေါ်ဖိနှိပ်မှုအား မျက်ကွယ်ပြုနေသည်ဟုဆိုသည်။ ဝ တို့အနေနှင့် သူ့ဒေသသည် ဥပဒေအရ တရားမဝင်ဆိုသည်ကို ကောင်းစွာသိသည်။ ဝ တို့သည် လက်ရှိအခြေအနေကို လက်နက်ကိုင်အင်အားနှင့်တည်ဆောက်ထားခြင်းဖြစ်သည်။ လက်ရှိအခြေအနေကို လက်နက်ကိုင်အင်အားနှင့်သာ ကာကွယ်ရမည်ကို ကောင်းစွာသိကြသည်။ ဤအခြေအနေကို အစိုးရနှင့် ဆွေးနွေးဖြေရှင်းရမည်ဆို သည်ကို သိသကဲ့သို့ ဆွေးနွေးဖြေရှင်းရန်လည်း ပြုလုပ်နေသည်။ သူ့အား ထောက်ခံသည့် အင်အားစုများနှင့် မဟာမိတ်ဖွဲ့ရမည်ကို ကောင်းစွာသိသည်။ ဆွေးနွေးပွဲမအောင်မြင်ပါက ပြန်၍တိုက်ခိုက်ရမည်ကိုလည်း ကောင်းစွာသိသည်။ တဖက်ကဆိုလျှင် တပ်မတော်အနေ

နှင့်လည်း လက်ရှိ ဝ တပ်ဖွဲ့နှင့် ဝဒေသသည် သူ့အတွက် စိတ်ချလက်ချ ထား၍ရသည့်ဒေသ မဟုတ်ပေ။ တပ်များဆိုင်ထားပြီး မပြတ်စောင့်ကြည့် ထားရသည့်ဒေသ ဖြစ်သည်။ လက်ရှိ ဝ ဒေသရပ်တည်မှုသည် နိုင်ငံရေး အာဏာ သေနတ်ပြောင်းထဲကထွက်သည်ဆိုသည့်အခြေခံပေါ်က ရပ်တည် နေခြင်း ဖြစ် သည်။ ဥပဒေအရ ရပ်တည်နေခြင်းမဟုတ်ပေ။ ထိုအပြင် Legal Aid Network ရည်ညွှန်းသည့် UWSP တည်ရှိမှု တရားမဝင်ဆို သည့် ဥပဒေမှာလည်း ၂၀၀၈ အခြေခံဥပဒေဖြစ်နေပေရာ ရယ်ရှင်ပြီးတုံ့မ ပြီးတုံ့ဟုဆိုရမည်။

ထို့ပြင် တဖက်မှကြည့်လျှင် ဝ တို့အနေနှင့် သူနယ်မြေသူ့အုပ်ချုပ်ပြီး သူ့ နယ်မြေထိလျှင်တော့မခံဟူသည့် မူနှင့်ရပ်တည်နေခြင်းသည်။ ထို့ပြင် သူ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်သည်။ လုပ်ဆောင်ခဲ့ သည်။ ဤအတွက် သူလူမျိုး၏ထောက်ခံမှုရသည်။ ကျန်တိုင်းရင်းသား လူမျိုးများကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် တောင်းဆို တိုက်ပွဲဝင်နေရချိန်တွင် တိုင်းရင်းသားလူမျိုးတမျိုးအနေနှင့် သူလူမျိုးသူ ဒေသအား လွတ်လပ်စွာအုပ်ချုပ်ခွင့်ရပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင် နိုင်သည်ကို မုဒိတာပွါးသည်ကလည်း တမျိုးကောင်းသည်ထင်ပါသည်။ တိုင်းရင်းသားလူမျိုးပါတီများ၊ လက်နက်ကိုင်အဖွဲ့များသည် သူလူမျိုး၊ သူ့ ဒေသအား ကိုယ်စားပြုဖွဲ့စည်းထားပြီး သူတို့လူမျိုး၏ထောက်ခံမှုဖြင့် ရပ်တည်နေခြင်းဖြစ်သည်ကို နားလည်ပေးရန်လိုသည်။ သူ့လူမျိုးအား အခြေပြုပြီးသူ့လူမျိုးအကျိုးစီးပွါးအတွက်ရပ်တည်သည်ကို နားလည်ပေး ရန်လိုသည်။ သူတို့ နှစ်ပေါင်းများစွာတိုက်ပွဲဝင်နေရချိန်၊ ထိခိုက်ဆုံးရှုံးမှု များ ကြုံနေရစဉ်က သူတို့အား ကူညီမဲ့သူမရှိဘဲ ကြံ့ကြံ့ခံရပ်တည်ခဲ့ကြရ သည်ကို သ ဘောပေါက်ရန်လိုသည်။အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်ပုန်ကန်မှုများကို မြန်မာဒီမိုကရက်တစ်တို့ကူညီပါဝင်ခဲ့သည် သမိုင်းမရှိခဲ့သည့်အပြင် ပစ်တင်ရှုံ့ချခဲ့သည်များသာ ရှိခဲ့သည်ကို သတိပြု ရန်လိုပေသည်။ထို့ကြောင့်လည်း တိုင်းရင်းသားအဖွဲ့များအတွက် ပြည့် ထောင်စုသည် မေးခွန်းထုတ်ဖွယ်ဖြစ်သည်ကို နားလည်ပေးရန်လိုသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးလက်နက်ကိုင်အဖွဲ့အစည်းများသည် နှစ်

ပေါင်းများစွာ စစ်တိုက်လာကြရာ သူတို့လူမျိုးဒေသနှင့်သူတို့၏လူမျိုးများ စစ်ဘေးစစ်ဒဏ်သင့်သည်ဒဏ်ကို နှစ်ပေါင်းများစွာခံစားရသည်ကို ကောင်းစွာသိကြသည်။ စစ်ပွဲဖြစ်သည်နှင့် သူတို့ဒေသရှိ သူတို့တိုင်းရင်းသားရွာများပေါ်သို့ ဗုံးများကျလာပြီး ရွာများပျက်စီးပြီး စစ်ဘေးစစ်ဒဏ်ခံရမည်ကိုကောင်းစွာသိကြသည်။ ဤသို့သောအခြေအနေအောက်တွင် စစ်ပွဲကို မဖြစ်မနေ နောက်ဆုံးအခြေအနေတွင်မှ ရွေးချယ်စဉ်းစားလာကြသည့်စဉ်းစားမှုမျိုးရှိသည်ကို တွေ့လာရသည်။ ၂၀၀၉/၂၀၁၀ ခုနှစ်များက နအဖ နှင့် UWSP/UWSA တင်းမာစဉ်က UWSP/UWSA သည် အကြီးအ ကျယ် စစ်ပြင်ခဲ့သည်။ မြန်မာပြည်တွင် ဝ ဒေသနှင့် တပ်မတော်ရင်ဆိုင်ထားသည့် ခံစစ်ကြောင်းတလျှောက်တွင်သာ အခိုင်အမာ ကွန်ကရစ်ဘန်ကာများဖြင့် ခံစစ်စခန်းများတည်ဆောက်ထားသည်ကို တွေ့နိုင်ပေလိမ့်မည်။

ထို့ပြင် ယနေ့ကာလတွင်လည်း UWSP သည်တကယ်တိုက်နေသူများထဲက သူလက်လှမ်းမှီသော တိုင်းရင်းသား မဟာမိတ်များကိုတော့ လိုအပ်သည့်အကူအညီပေးနေသည်သာဖြစ်သည်။ သူ့လက်ခံအောင် စည်းရုံးပြောဆိုခြင်းနှင့် လက်တွေ့လုပ်ဆောင်ပြခြင်းတို့ကပို၍အရေးကြီးပေလိမ့်မည်။ ဤသို့သော အခြေအနေအောက်တွင် သူဖါသာသူရပ်တည်နေပြီး ကိုယ့်အားအနှောက်အယှက်မပေးသည့်သူအပေါ် မလိုလားအပ်သည့် ပစ်တင်ရှုံ့ချမှုပြုလုပ်ခြင်းသည် သင့်လျော်သည့်ကိစ္စတရပ်တော့မဟုတ်ပေ။ မလိုအပ်ဘဲ ရန်သူများအောင်လုပ်သကဲ့သို့ဖြစ်နေပေလိမ့်မည်။

၇။ အဓိကပြဿနာ

Legal Aid network ၏ AA အပစ်ရပ်ခြင်းနှင့်ပတ်သက်၍ သုံးသပ်သည့် စာတမ်းတွင် ဥပမာပြုခံရသည့် KNU လည်း အပြောမလွတ်ခဲ့ပါ။ အဓိကအချက်မှာ KNU သည် လောလောဆယ် တပ်မတော်အားတိုက်ခိုက်နေခြင်းသည် နည်းပရိယယ်အရသာဖြစ်ပြီး မဟာဗျူဟာအရ NCA ကိုစွဲကိုင်ထားရာ အာဏာရှင်အပြုတ်တိုက်ရေးအတွက် မထိရောက်ဟုဆိုထားသည့်အပြင် KNU သည်  ပြည်ထောင်စုတခုလုံးလွှမ်းခြုံသက်ရောက်စေ

မည့် ဖက်ဒရယ်တပ်မတော် တည်ဆောက်ရေးအား ချဉ်းကပ်ဆောင်ရွက်မှုမျိုးမတွေ့ရဟုဆိုထားသည်။ UWSA နဲ့ပတ်သက်၍ရော KNU နှင့်ပတ်သက်၍ရော AA အပစ်ရပ်ခြင်းနှင့်ပတ်သက်၍ရော legal aid network ၏ ထောက်ပြပစ်တင်နေသည့် အဓိကအကြောင်းရင်းမှာ လက်ရှိအချိန်တွင် မြန်မာဒီကရက်တစ်များပြောနေသည့် အင်အားများစုစည်း၍ ဘုံရန်သူကို ဦးတည်တိုက်ရေးဖြစ်သည်။ ဤသို့တိုက်ခိုက်ရာတွင်မပါဝင်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ပစ်တင်ဝေဖန်နေခြင်း၏ အဓိကအကြောင်းရင်းပင်ဖြစ်သည်။

သို့သော် လက်တွေ့တွေ့နေရသည့်ပြဿနာမှာ ပြည်မမြန်မာဒီမိုကရက်တစ်များ၏ ဒီမိုကရေစီရေစီးကြောင်းနှင့် တိုင်းရင်းသားလူမျိုးတို့၏ ဖက်ဒရယ်ရေစီးကြောင်းမဆုံနိုင်သည့်ပြဿနာဖြစ်သည်။ ဖက်ဒရယ်ဆိုသည့် ဝေါဟာရ ပွင့်လင်းလာသည့် ပြီးခဲ့သည့် ၁၀ နှစ်ကာလတွင်ပင် ပြည်ထောင်စုခေါ်ဝေါ်သမုတ်ကြသည်က မတူကြပေ။ တိုင်းရင်းလူမျိုးများ၏ ဦးစားပေးမှာ ဖက်ဒရယ်ဖြစ်သည်။ ဖက်ဒရယ်အခွင့်အရေးရရှိရေးဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟုခေါ်ဆိုကြသည်။ မြန်မာဒီမိုကရက်တစ်များအတွက် ဒီမိုကရေစီကရေစီရရှိရေးသည် အဓိကဖြစ်သည်။ ဒီမိုကရေစီရလျှင် ကျန်ပြဿနာများကို ဖြေရှင်းနိုင်သည်ဟု ယူဆကြသည်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟုသုံးနှုံးကြသည်။ ဤသည်မှာ သာမန်ဝေါဟာရပြဿနာမဟုတ်။ လေးနက်သည့်အဓိပ္ပါယ်များပါသည်။ ဖက်ဒရယ်တောင်းဆိုသည့်တိုင်းရင်းသားလူမျိုးများ၏ တောင်းဆိုချက်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြင် သူတို့လူမျိုး၏အမျိုးသားကိုယ်ပိုင်လက္ခဏာလည်းပါဝင်သည်ကိုသတိပြုရန်လိုသည်။ ဒီမိုကရေစီရရုံ၊ ဖွံ့ဖြိုးတိုးတက်ရုံနှင့် ပြဿနာဖြေရှင်း၍ ရမည်ဆိုလျှင် စကော့တလန်သားတို့ UK မှ ခွဲထွက်ရေး တောင်းဆိုမည်မဟုတ်ပေ။ ဒီမိုကရေစီနှင့်ဖက်ဒရယ်ရေစီးပေါင်းဆုံဖို့ဆိုလျှင် ဤနိုင်ငံရေးအမြင်နှင့်ပတ်သက်၍ မတူကွဲပြားမှုအားအဖြေရှာနိုင်ရန်လိုအပ်သည်။ အတူတကွ လွတ်လပ်ရေးယူခဲ့သော်လည်း ဖက်ဒရယ်မရခဲ့ဟု ယူဆထားသည့် တိုင်းရင်းသားများအနေနှင့် အတူတကွ ဒီမိုကရေစီအတွက်တိုက်ပွဲဝင်ရုံနှင့် ဖက်ဒရယ်ရမည်ဆိုသည်ကို အလွယ်တကူလက်သင့်ခံရန် ခက်ခဲ

ပေနေပေလိမ့်မည်။

ထို့ပြင် မတူကွဲပြားသည့် နောက်ပြဿနာတခုမှာ တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်အကောင်အထည်ဖော်ရာတွင် အဓိကနည်းလမ်းမှာ လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြစ်သည်။ မြို့ပေါ်နိုင်ငံရေးလမ်းကြောင်း ဝါ လွှတ်တော်နိုင်ငံရေးကအရံဖြစ်သည်။ မြန်မာဒီမိုကရက်တစ်များအတွက် ဥပဒေတွင်းနိုင်ငံရေးကအဓိကဖြစ်သည်။ အထူးသဖြင့် ပြီးခဲ့သော ၁၀ နှစ်အတွင်း လွှတ်တော်နိုင်ငံရေးက အဓိကဖြစ်ခဲ့သည်။ မြန်မာဒီမိုကရက်တစ်များ လက်နက်ကိုင်လမ်းကြောင်းသို့ရောက်လာသည်မှာ လပိုင်းသာရှိသေးသည်။ သို့ဖြစ်ရာ ဖြတ်သန်းမှုမတူကြ။ တိုက်ပွဲဝင်သည့်အတွေ့အကြုံမတူကြ။ စဉ်းစားသုံးသပ်ပုံများ မတူကြပေ။ ကြည့်မြင်ပုံခြင်းမတူကြရာ အလွယ်တကူပေါင်းစပ်ရန် မဖြစ်နိုင်ပေ။ နားလည်မှုတည်ဆောက်ရန်လိုပေလိမ့်မည်။

နောက်တချက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နှစ်ပေါင်းများစွာလက်နက်ကိုင်တိုက်ခိုက်ခဲ့ကြပြီး လွန်ခဲ့သည့် ၁၀ ကမှစ၍ NCA လမ်းကြောင်းဟု အလွယ်ခေါ်သည့် ဆွေးနွေးပွဲလမ်းကြောင်းတွင်းရောက်ရှိနေကြသည်။ သို့ဖြစ်ရာ အချို့မှာ ချက်ခြင်းအလှည့်အပြောင်းပြုရန် ခက်ခဲသည်။ ထို့ပြင် စစ်ပွဲများသည် ပြီးခဲ့သော အနှစ် ၄၀ ကျော်အတွင်း တိုင်းရင်းသားဒေသများတွင်သာဖြစ်ခဲ့ပြီး စစ်ဘေးစစ်ဒဏ်သင့်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရသည်။ ရွာများပျက်စီးခြင်း၊ စစ်ဘေးဒုက္ခသည်များအဖြစ် အိုးပစ်အိမ်ပစ် အသက်လုပြေးရခြင်းများကြုံခဲ့ရသည်အပြင် အချို့စစ်ဘေးဒုက္ခသည်များ ယခုတိုင် အိမ်ပင်မပြန်နိုင်သေးပေ။ ယခု တဖန် ၎င်းတို့၏ဒေသတွင် စစ်ပွဲတဖန်ပြန်ဖြစ်ပါက စစ်ဘေးဒုက္ခသည်ဖြစ်လာမည့် ဒေသခံလူထုအား မည်သို့တာဝန်ယူရမည်ကို ထည့်သွင်းတွက်ချက်လျက်ရှိကြသည်ကို သတိပြုရန်လိုသည်။

ထို့ပြင် လက်တွေ့စစ်ပွဲဖြစ်လာလျင် လိုအပ်သည့် လက်နက်ခဲယမ်းတပ်ဆင်မှု အတွက် အချို့အဖွဲ့များ အဆင်ပြေသော်လည်း အချို့အခက်အခဲရှိသည်။ ထိုင်းနယ်စပ်သတင်းများအရ အမ် ၁၆ သေနတ် တလက် ဘတ် တ

သိန်းခွဲ၊ အမ် ၁၆ ကျည် တတောင့် ဘတ် ၂၅ မှ ဘတ် ၃၀၊ အာပီဂျီလောင်ချာ တလက် ဘတ် တသိန်း၊ အာပီဂျီ ကျည်တတောင့် ဘတ် တသောင်း စသဖြင့် ဈေးကောင်းနေသည့်အပြင် အမြောက်အများ ဝယ်ယူရရှိရန် အကန့်အသတ်ရှိသည်။ ထိုအခက်အခဲများကို ချက်ခြင်းလက်ငင်း ဖြေရှင်းရန် မဖြစ်နိုင်ဘဲ အချိန်ယူရန်လိုအပ်သောအဖွဲ့များရှိသည်။

Legal Aid network က ရည်ညွှန်းသည့် ဖက်ဒရယ်တပ်မတော်ဆိုသည်ကိုလည်း ၂၀၁၅ ခုနှစ်မတိုင်မီ KNU အပါအဝင် UNFC ကစဉ်းစားလုပ်ဆောင်ခဲ့ပါသေးသည်။ မြောက်ပိုင်း၊တောင်ပိုင်းစစ်တိုင်းများခွဲဝေလှုပ်ရှားရန် စီစဉ်ခဲ့ကြပါသေးသည်။ လက်ရှိ AA ခေါင်းဆောင်တဦးကိုပင် ဖက်ဒရယ်တပ်မတော်ယူနီဖေါင်းနှင့် တွေ့နိုင်သေးသည်။ သို့သော် လက်တွေ့တွင် မြန်မာပြည်၏ အရှေ့အနောက်တောင်မြောက်တနေရာစီကွဲနေသောတိုင်းရင်းသားတပ်များအား စုစည်းရန်၊ ဟန်ချက်ညီလှုပ်ရှားရန်၊ ဘဏ္ဍာရေးနှင့်လက်နက်ခဲယမ်းပြဿနာဖြေရှင်းရန် အခက်အခဲရှိနေ၍သော်၎င်း နိုင်ငံရေး စစ်ရေးအမြင်ကွဲပြားမှုကြောင့်သော်၎င်းစသည့် အကြောင်းကြောင်းကြောင့် အကောင်အထည်မပေါ်ခဲ့ပေ။ မကြိုးစားခဲ့ကြသည်တော့မဟုတ်ပေ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကိုယ့်တိုင်းရင်းသားလူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်ကို ကိုယ်စားပြု၍၎င်း၊ အကျိုးစီးပွါးကိုရှေ့ရှု၍သော်၎င်း ဖွဲ့ခဲ့ကြခြင်းဖြစ်သကဲ့သို့ ကိုယ့်တိုင်းရင်းသားလူမျိုးအားစည်းရုံးသိမ်းသွင်းပြီး သူတို့၏ထောက်ခံမှုနှင့်ရပ်တည်ခဲ့ကြခြင်းဖြစ်သည်။ ကိုယ့်တိုင်းရင်းသားလူမျိုးနှင့်ကိုယ့်ဒေသကို မျက်မှောက်ပြုကြမည်သာဖြစ်သည်။ တိုင်းရင်းသားလူမျိုးများသည် တစုတဖွဲ့ချင်းအရ အင်အားနည်းသည်ဖြစ်ရာ အချင်းချင်းမဟာမိတ်ဖွဲ့ရန်လိုအပ်သည်ကိုလည်းသိကြသကဲ့သို့ လက်တွေ့လည်းဖွဲ့ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တဖွဲ့သည် သူတည်ဆောက်နိုင်သည့် အင်အားအရ၊ လူထုထောက်ခံမှုအရ သူ့ပြည်နယ်၊ သူ့ဒေသအပြင်ဖက်ထွက်၍ စစ်ဆင်နိုင်ရန် အကန့်အသတ်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တခုခုက တပြည်လုံးအတိုင်းအတာဆောင်သည့် တပ်ပေါင်းစုတခု ဦးဆောင်ဖွဲ့စည်းရန်လည်း ခက်ခဲသည်။

၍အလုပ်သည် မြန်မာဒီမိုကရက်တစ်များလုပ်ရမည့်အလုပ်ဖြစ်သည်။

သို့သော် ယနေ့ပြည်တွင်းနိုင်ငံရေးအကြပ်အတည်းအားဖြင့်ပြည်မနိုင်ငံရေးအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ မျက်ခြေပြတ်နေသည်တော့မဟုတ်ပေ။ သူတို့နီးနီးကပ်ကပ်စောင့်ကြည့်နေကြသည်သာဖြစ်သည်။ ယခုကဲ့သို့ အုံးအုံးကြွက်ကြွက်ဖြစ်နေသည့်အချိန်မဆိုထားနှင့် ပုံမှန်အချိန်မှာပင် သူတို့မပြတ်အကဲခတ်လေ့လာစောင့်ကြည့်နေသည်သာဖြစ်သည်။ တချိန်တည်းတွင် သူတို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ သူတို့တိုင်းရင်းသားလူမျိုး၊ သူတို့ဒေသ/ပြည်နယ်အတွက် အကျိုးရှိသည့်အခြေအနေကို မည်သို့ရယူမည်နည်းဆိုသည်ကို တွက်ဆနေကြသည်သာဖြစ်သည်။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း လက်နက်ကိုင်တိုက်ပွဲအတွေ့အကြုံ ၊ နိုင်ငံရေးအတွေ့အကြုံရှိကြသည်ကို သတိပြုရန်လိုပါသည်။

တိုင်းရင်းသားလူမျိုးအားလုံး၏လူဦးရေသည် ၃၀%ကျော်သာရှိပြီး မြန်မာလူဦးရေသည် ၆၀%ကျော်ရှိသည်။ တိုင်းရင်းသားလူမျိုးတမျိုးချင်း၊ ပြည်နယ်တနယ်ချင်း၏ လူဦးရေသည် မြန်မာထက်စာလျှင်များစွာနည်းသည်။ ရခိုင်ဆိုလျှင် ၅% ဝန်းကျင်ရှိမည်။ ကယားပြည်နယ်ဆိုလျှင် ၁% ပင်မပြည့် ၊ ချင်းပြည်နယ်ဆိုလျှင် ၁ % သာရှိသည်။ သို့ဖြစ်ရာ တပ်ပေါင်းစုဖွဲ့ရေး၊ စည်းလုံးညီညွတ်ရေး၊ဖက်ဒရယ်တပ်မတော်ဖွဲ့ရေးတို့နှင့်ပတ်သက်၍ပြောလျှင် ကျန်တိုင်းရင်းသားလူမျိုးများထက် လူများစုဖြစ်သော မြန်မာဒီမိုကရက်တစ်များက ပို၍တာဝန်ရှိပေလိမ့်မည်။

တကယ်တမ်း အားမနာတမ်းပြောရလျှင် မြန်မာလူမျိုးတို့တွင်လည်း သူ့အင်အားနှင့်သူ စုစည်းခေါင်းဆောင်နိုင်မည့်ပါတီ ဝါ ခေါင်းဆောင်ရှိသည်။ တိုင်းရင်းသားလူမျိုးတို့တွင်လည်း သူ့အင်အားနှင့်သူ စုစည်းခေါင်းဆောင်နိုင်သည့်ပါတီ ဝါ ခေါင်းဆောင်ရှိပါသည်။ သို့သော် တပြည်လုံးအတိုင်းအတာအရ မြန်မာလူမျိုးများကိုရော၊ တိုင်းရင်းသားလူမျိုးများကိုရော၊ (ဝါ) ဒီမိုကရေစီရေးရော၊ ဖက်ဒရယ်ရေးပါ တညီတညွတ်တည်းဖြစ်အောင် စုစည်းခေါင်းဆောင်နိုင်သည့် ပါတီနှင့်ခေါင်းဆောင်မရှိခြင်းသည် အဓိက

ပြဿနာဖြစ်သည်ဟုဆိုရပါမည်။

နိုင်ငံရေးနည်းပရိယာယ်ပြဿနာ

တိုင်းပြည်တပြည်တွင် ပဋိပက္ခကြီးကြီးမားမားဖြစ် ထိပ်တိုက်ရင်ဆိုင်ကြသော ဖက်နှစ်ဖက်သည် ကျန်သည့်အင်အားများကို ကိုယ့်ဖက်ပါအောင် နှစ်ဖက်လုံးက စည်းရုံးသိမ်းသွင်းလေ့ရှိကြသည်။ တဖက်တည်းက စည်းရုံးသိမ်းသွင်းနေသည်မဟုတ်ပေ။ ဤသို့နှစ်ဖက်လုံးကစည်းရုံးသိမ်းသွင်းကြသည်မှာ အထူးအဆန်းမဟုတ်သလို ထိုသို့အပြိုင်စည်းရုံးသိမ်းသွင်းရမည်ကို သဘောပေါက်ရန်လိုသည်။ AA ခေါင်းဆောင်တဦးပြောသည်ကတော့ "အရင် သူတို့နှစ်ဖက်အဆင်ပြေနေတုန်းက နှစ်ဖက်ပေါင်းပြီး ကျနော်တို့ကိုတိုက်ကြတယ်၊ အခု သူတို့ နှစ်ဖက်အဆင်မပြေတော့ သူတို့ဖက်က ပါဖို့ နှစ်ဖက်လုံးက ဆွဲဆောင်ကြပြန်ရော" ဆိုသည်မှာ လက်တွေ့အခြေအနေဖြစ်သည်။

နိုင်ငံရေးတွင် တဖက်ရန်သူအား အထီးကျန်ဖြစ်အောင် မိမိအင်အားများကို စုစည်းခြင်း၊ မိမိဖက်မပါတောင် မိတ်ဆွေအဖြစ်သဘောထားခြင်းမှသည် ကြားထားနိုင်အောင်ကြိုးစားသည်အထိ ထိပ်တိုက်တွေ့နေသည့် ပြိုင်ဖက်တိုင်းပြုလုပ်ကြသည်။ ဤသို့ စည်းရုံးရာတွင် ပျော့ပြောင်းဖို့လိုသည်။ အကျိုးအကြောင်းအချက်အလက်ဆီလျော်သင့်မြတ်ဖို့လိုသည်။ ရရှိမည့် နိုင်ငံရေးအကျိုးအမြတ်အား ရှင်း ရှင်းလင်းလင်းရှိစေဖို့လိုသည်။ လိုက်လျောသင့်သည်ကိုလိုက်လျောရန်လိုသကဲ့သို့ အလျော့ပေးနိုင်သည်များကို အလျော့ပေးရန်လိုသည်။ မိမိအင်အား မဖြစ်တောင် မိတ်ဆွေဖြစ်ဖို့လိုသည်။ မိတ်ဆွေမဖြစ်တောင် ကြားထားနိုင်ဖို့လိုသည်။ အထူးသဖြင့် တဖက်ပြိုင်ဖက်ထံ တွန်းမပို့ရန်လိုသည်။

ဤသို့ဆွဲဆောင်သိမ်းသွင်းရန်လိုသည့်အင်အားစုများအား ပစ်တင်ရှုံ့ချ၍သော်၎င်း၊ ထိုးနှက်တိုက်ခိုက်၍သော်၎င်း၊ စွပ်စွဲပစ်တင်၍သော်၎င်း၊ ပကတိအခြေအနေနှင့်မကိုက်ညီသော ကောက်ချက်များ ချ၍သော်၎င်း စည်းရုံးသိမ်းသွင်း၍ မရနိုင်သည့်အပြင် တဖက်သို့တွန်းပို့ရာရောက်ပေ

လိမ့်မည်။ ဤသို့သော အခြေအနေအား နိုင်ငံရေးရှုဒေါင့်မှကြည့်လျှင် နိုင်ငံရေးနည်းပရိယာယ်မကြွယ်ဝ၊ လိမ္မာပါးနပ်မှုမရှိဟု သုံးသပ်ကြပေလိမ့်မည်။ ဥပဒေရှုဒေါင့်ကကြည့်လျှင် ရှေ့နေငှါးမှ ထောင်လုံးလုံးကျတော့သည်ဟု ဆိုကြမည်ထင်ပါသည်။

ပြီးပါပြီ

မောင်မောင်စိုး